# ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံသဘာဝဘေးသင့်ဒေသများအတွက် လှူဒါန်းသည့်တတိယအသုတ်ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာဘက်သို့ လွှဲအပ်

ယခုရက်ပိုင်းတွင် ယူနန်ပြည်နယ်အစိုးရမှမြန်မာနိုင်ငံ ရေဘေးသင့် ဒေသများအတွက် တတိယအသုတ်ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံ မူဆယ်မြို့သို့ပေးပို့ခဲ့ပြီး မြန်မာဘက်သို့ တရားဝင်လွှဲအပ်ပေးခဲ့သည်။ ယခုအကြိမ် လှူဒါန်းထားသည့် ကယ်ဆယ်ရေးပစ္စည်းများမှာ အလျူမီနီယံဇင့်သွပ်ပြား ချပ်ရေ(၂)သိန်းဖြစ်သည်။ မြန်မာနိုင်ငံ သဘာဝဘေးသင့် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အသုံးပြုမည်ဖြစ်သည်။



ကယ်ဆယ်ရေးပစ္စည်းများလွှဲအပ်ပွဲအခမ်းအနားကျင်းပစဉ်။

ကူမင်းမြို့ဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးသည် လွှဲအပ်ပွဲအခမ်းအနားတွင် ယူနန်ပြည်နယ်၏ ကူညီပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားခဲ့သည်။ ၎င်းသည် ယခုနှစ်ဇူလိုင်လမှ ဩဂုတ်လအထိ မြန်မာနိုင်ငံရှိ ဒေသအများစုတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားပြီး များစွာသော ဒေသခံပြည်သူတို့သည် သဘာဝဘေးဒုက္ခနှင့်ကြုံတွေ့ခဲ့ရကြောင်း၊ မြန်မာနိုင်ငံသည် လောလောဆယ် အကူအညီလိုအပ်သည့်အခါ ယူနန်ပြည်နယ်အနေနှင့် စိတ်အားထက်သန် တက်ကြွစွာ ကူညီပေးလိုက်ကြောင်း၊ ယင်းမှာတရုတ်-မြန်မာနှစ်နိုင်ငံတို့သည် စစ်မှန်သောအိမ်နီးချင်းကောင်းဖြစ်သည်ကို ပြည့်ပြည့်ဝဝ သက်သေပြနိုင်ပါကြောင်း ပြောကြားသည်။

မိတ်ဆက်ခြင်းအရ မြန်မာနိုင်ငံတွင် ရေဘေးဒုက္ခ ဖြစ်ပွားပြီးသည့်နောက် ယူနန်ပြည်နယ်သည် ကယ်ဆယ်ရေးပစ္စည်းများကို တက်ကြွစွာ စုဆောင်းပြီး မြန်မာနိုင်ငံဘက်သို့ အချိန်မီလွှဲအပ်ပေးခဲ့ကြောင်း၊ ယခုထက်တိုင် ကယ်ဆယ်ရေးပစ္စည်းသုံးသုတ်ကို စုဆောင်းနိုင်ခဲ့ပြီး ပထမသုတ်နှင့် ဒုတိယသုတ်ကို မြန်မာနိုင်ငံ ရေဘေးသင့် ပြည်သူများလက်ထဲသို့ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကယ်ဆယ်ရေး ပစ္စည်းများသည် ၎င်းတို့အား ရေဘေးဒုက္ခကို ကျော်လွှားရန်နှင့် ပြန်လည်ထူထောင်ရန်အတွက် တက်ကြွသည့်အခန်းထဲ ပါဝင်မှာဖြစ်ကြောင်းသိရသည်။

မန္တလေးမြို့ဆိုင်ရာ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဝမ်ယွီ၊ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာအရာရှိများက လွှဲအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

သတင်းထောက်- ကျူဟုန်ပင်း၊ ချိန်ဖေး

## ယူနန်ပြည်နယ်ပြည်ဝင်ပြည်ထွက်မှုရောဂါကာကွယ်စစ်ဆေးရေးဌာနသည် တရုတ် – အာဆီယံလွတ်လပ်စွာကုန်သွယ်ဇုန်အတွက် မူရင်းထွက်ရှိရာနေရာသက်သေခံဗီဇာများကို ဦးစားပေး၍ တိုးမြှင့်ထုတ်ပေး

မကြာမီသတင်းထောက်သည် ယူနန်ပြည်နယ်ပြည်ဝင်ပြည်ထွက်မှုရောဂါကာကွယ်စစ် ဆေးရေးဌာနမှ ရရှိသောသတင်းအရ ယခုနှစ်များအတွင်း ယင်းဌာနသည် တရုတ်-အာဆီယံ လွတ်လပ်စွာကုန်သွယ်ဇုန်အတွက် မူရင်းထွက်ရှိရာနေရာ သက်သေခံဗီဇာများကို ဦးစားပေး၍ တိုးမြှင့်ထုတ်ပေးပြီး ပြည်ပကုန်သွယ်ရေးကို တွန်းအားပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ဗီယက်နမ်သို့ တင်ပို့မှုဘက်တွင်အကျိုးသက်ရောက်မှု ပိုမိုသိသာထင်ရှားပါကြောင်း၊ စာရင်းများအရ ပြီးခဲ့သည့်(၉)လအတွင်း ယူနန်ပြည်နယ်သည် ဗီယက်နမ်အတွက် ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၀၅၀ဘီလီယံရှိပြီး ယမန်နှစ်အလားတူ ကာလကထက် ၂၁.၄ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

မိတ်ဆက်ခြင်းအရ တရုတ်-အာဆီယံ လွတ်လပ်စွာကုန်သွယ်ဇုန်တွင် မူရင်းထွက်ရှိရာ နေရာသက်သေခံဗီဇာ ကိုင်ဆောင်ထားသော ကုန်ပစ္စည်းများသည် အာဆီယံအကောက်ခွန်ဌာနများတွင် အခွန်သက်သာခွင့်(သို့) အခွန်ကင်းလွတ်ခွင့် ခံစားနိုင်သည့်အပြင် အဆင်ပြေချောမွေ့သောဂိတ်ဖြတ်ခွင့်ကိုလည်း ခံစားနိုင်ပါကြောင်း၊ ယခုနှစ်တွင် ယူနန်ပြည်နယ် ပြည်ဝင်ပြည်ထွက်မှု ရောဂါကာကွယ် စစ်ဆေးရေးဌာနသည် ဗီယက်နမ်နိုင်ငံအတွက် တရုတ်-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ဇုန် မူရင်းထွက်ရှိရာနေရာ သက်သေခံဗီဇာ စုစုပေါင်း(၈၃၀၂)စောင်ကို ထုတ်ပေးခဲ့ပြီး တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၂.၂၀ သန်းရှိကြောင်း၊ ထုတ်ပေးခဲ့သောစောင်ရေသည် ယမန်နှစ်အလားတူကာလကထက် ၇၈.၂၃%ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီးသက်သာခွင့်(သို့) ကင်းလွတ်ခွင့်ခံ အခွန်ပမာဏမှာအမေရိကန်ဒေါ်လာ ၁၁.၀၆၃၁ သန်းဖြစ်ပါကြောင်း သိရသည်။ ဗီဇာထုတ်ပုံစံ ကောင်းမွန်စေရန်ယင်းဌာနသည် ပြည်နယ်အတွင်း မူရင်းထွက်ရှိရာနေရာ(သို့) သက်သေခံလက်မှတ် ထုတ်ပေးရာနေရာများ၌ မှတ်ပုံတင်စေခြင်းစသည့် နေရာအသီးသီးတွင် ဗီဇာထုတ်သောပုံစံကို ကျင့်သုံးခဲ့သည်။ မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းများသည် မူရင်းထွက်ရှိရာနေရာသက်သေခံဗီဇာထုတ်ပေးရန် တစ်ပြည်နယ်လုံးတွင် ရောဂါကာကွယ် စစ်ဆေးဌာနများသို့ လျှောက်တင်နိုင်သည်။ အလုပ်တွင်ကျယ်အောင် ဗီဇာထုတ်သည့်အပိုင်းတွင် စက္ကူမဲ့မှတ်ပုံတင်ခြင်း၊ စက္ကူမဲ့ ဗီဇာလျှောက်တင်ခြင်းစသည့်ပုံစံများကို ကျင့်သုံးပြီးစီးပွားရေးလုပ်ငန်းများက မှတ်ပုံတင်ပါက“ချက်ချင်းလျှောက်၊ ချက်ချင်းရ”၊ သက်သေခံဗီဇာလျှောက်တင်ပါက “ချက်ချင်းစာထုတ်ရန်စောင့်” နိုင်ခဲ့သည်။ ယင်းဌာနသည် မူရင်းထွက်ရှိရာနေရာ သက်သေခံဗီဇာ၏ QQ group နှင့် wechat groupများကိုလည်း တည်ထောင်ထားပြီး စီးပွားရေးလုပ်ငန်းများ၏ စုံစမ်းမေးမြန်းချက်များကိုလျင်မြန်စွာဖြေကြားကာ အသစ်ထုတ်ပြန်သောဥပဒေ၊ နည်းဥပဒေစသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ခဲ့သည်။ ယခုအထိ စီးပွားရေးလုပ်ငန်း(၃၂၀)ကျော်တို့သည် မူရင်းထွက်ရှိနေရာ သက်သေခံဗီဇာ၏ QQ groupနှင့် wechat group ထဲ ပါဝင်လာပြီးဖြစ်သည်။ ဝါဒဖြန့်ရေးလုပ်ငန်းအပိုင်းတွင် ယူနန်ပြည်နယ်ပြည်ဝင်ပြည်ထွက်မှု ရောဂါကာကွယ်စစ်ဆေးရေးဌာနသည် သင်တန်းများဖွင့်လှစ်ပြီး သတင်းမီဒီယာ၊ အင်တာနက် စသည့်နည်းလမ်းများဖြင့် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်ပါ ဦးစားပေးမှုဝါဒနှင့် မူရင်းထွက်ရှိရာနေရာသက်သေခံလက်မှတ် လျှောက်ထားရန် လုပ်နည်းစနစ်များကိုလည်း ဝါဒဖြန့်ခဲ့ သည်။ အခကြေးငွေကောက်ခံရေးဘက်တွင်ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အကောက်ခွန်ဦးစားပေးရန် မူရင်းထွက်ရှိရာနေရာ သက်သေခံဗီဇာစရိတ်၊ ကုန်ကျစရိတ်စသည့် စရိတ်စုစုပေါင်း ယွမ်၉.၅၇သိန်းကိုကင်းလွတ်ပေးပြီး စီးပွားရေးလုပ်ငန်းများအတွက် ဝန်ထုတ်ဝန်ပိုး လက်တွေ့ကျကျ လျှော့ပေါ့ပေးနိုင်ခဲ့သည်။

သတင်းထောက် – လျူကျီယု

## တရုတ် – လာအို – ဗီယက်နမ်သုံးနိုင်ငံ (ဖူးလ်) နယ်စပ်ကုန်စည်ပြပွဲကို မုန့်ခန်းနယ်စပ်ဂိတ်တွင်ကျင်းပ

ဒီဇင်ဘာလ ၄ ရက်တွင် တရုတ်-လာအို-ဗီယက်နမ်သုံးနိုင်ငံ (ဖူးလ်)နယ်စပ်ကုန်စည်ပြပွဲ (၂၀၁၅)ကို ကျန်းချင်ဟားနီတိုင်းရင်းသား ယီတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင် မုန့်ခန်းနယ်စပ်ဂိတ်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ယခုအကြိမ် ကုန်စည်ပြပွဲကို သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး “တံခါးဖွင့်ရန်• ပူးပေါင်း ဆောင်ရွက်ရန် • အကျိုးတူအနိုင်ရရန်”ကို ခေါင်းစဉ်အဖြစ် ကျင်းပထားခြင်းဖြစ်သည်။ ပြခန်း၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမီတာ(၁)သိန်းရှိပြီး ပြခန်း(၃၁၀)ခန်းဖွင့်လှစ်ထားသည်။ စီးပွားရေး လုပ်ငန်းပေါင်း(၃၀၀)ကျော်ကပြပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ ပါဝင်ပြသသော ကုန်ပစ္စည်းများတွင် တရုတ်နိုင်ငံထုတ် ကုန်မာ၊ စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံ၏ အမြစ်ထုပန်းပုလက်ရာများ၊ ကျောက်စိမ်း၊ ရွှေငွေတန်ဆာပလာများ၊ တိုင်းရင်းသားအဝတ်အထည်များ၊ လယ်ယာဘေးပန်းပစ္စည်းများစသည့်တို့ဖြစ်သည်။ ပြပွဲကာလအတွင်း ကုန်ပစ္စည်းများ ပြသရောင်းချခြင်း၊ အရင်းအနှီးခေါ်ယူခြင်း၊ ခရီးသွားမိတ်ဆက်ရှင်းလင်းခြင်း၊ နယ်စပ်ယဉ်ကျေးမှု တင်ဆက်ပြသခြင်း စသည့်အစီအစဉ်များဖြင့် တရုတ်၊ လာအို၊ ဗီယက်နမ်သုံးနိုင်ငံတို့၏ စီးပွားရေးပူးပေါင်း ဖလှယ်မှုကို တိုးမြှင့်သွားမည်ဖြစ်သည်။

စုံစမ်းမေးမြန်းခြင်းအရ လက်ရှိတွင် မုန့်ခန်းနယ်စပ်ဂိတ်၌ ဝိသေသထူးခြားချက်ပါသော လယ်ယာထွက်ကုန်များရောင်းဝယ်ဈေး၊ နယ်စပ်သူနယ်စပ်သားများ အပြန်အလှန် ကုန်သွယ်ဈေးဆောက်ရာနေရာ၏ အခြေခံအဆောက်အအုံကို အခြေခံအားဖြင့် ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ လာအို၊ ဗီယက်နမ်နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များအား လုပ်ငန်းလုပ်ကိုင်စေရန် ခေါ်ယူပြီးတရုတ်-လာအို-ဗီယက်နမ်သုံးနိုင်ငံတို့၏ ကုန်သွယ်မှုအတွက် ပုံသေနေရာ ထောက်ပံ့ပေးမည်ဖြစ်ကြောင်းသိရသည်။

သတင်းထောက် – ရှိန်ဟောက်

**ဓာတ်ပုံသတင်း။ ။** လူချွင်းခရိုင်ဟားနီတိုင်းရင်းသားများ၏ လမ်းရှည်စားသောက်ပွဲသည် အဝေးမှလာကြသော ခရီးသည်များကိုဆွဲဆောင်ခဲ့။ ၂၀၁၅ခုနှစ် တရုတ်-လူချွင်းခရိုင်ဟားနီ တိုင်းရင်းသားများအောက်တိုဘာ ရှေးဟောင်းလမ်းရှည်စားသောက်ပွဲ ဆိုင်ရာယဉ်ကျေးမှု ခရီးသွားအစီအစဉ်ကို လူချွင်းခရိုင်အစိုးရရုံးစိုက်ရာမြို့တွင် ကျင်းပခဲ့သည်။ ယခုအကြိမ်အစီ အစဉ်သည် ဟားနီစားသောက်ပွဲ (၃၆၀၀)ဝိုင်းကိုထားရှိခဲ့ပြီး ထောင်သောင်းချီသောပြည်တွင်းပြည်ပမှ ခရီးသည်များကိုဆွဲဆောင်နိုင်ခဲ့သည်။

ဓာတ်ပုံ – လုကျိကျယ်

